# ကမာပေါင်ကျေးရွာ

# သထုံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကမာပေါင်ကျေးရွာ၊ သထုံမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံမြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကမာပေါင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဩဂုတ်၊ ၂၀၁၈** **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကမာပေါင်ကျေးရွာ**

**သထုံမြို့နယ်**

# ကမာပေါင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကမာပေါင်ကျေးရွာသည် သထုံမြို့၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိပြီး ကျောက်တန်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ရွာ၏အရှေ့ဘက်တွင် လယ်ကွက်များကိုဖြတ်၍ ကျောက်ရေတွင်းကျေးရွာ၊ ပေါက်တောကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် ဝင်းစိန်ကျေးရွာများလည်း ရှိပါသည်။ ရွာ၏တောင်ဘက်တွင် ကျောက်တန်းကျေးရွာရှိပြီး မြောက်ဘက်တွင် သင်တောကျေးရွာ၊ ကျောက်လုံးကြီးကျေးရွာ၊ အောင်းစိုင်ကျေးရွာ စသည့်ကျေးရွာများဖြင့် ဝန်းရံထားပါသည်။ ထို့အပြင် ရွာ၏အနောက်ဘက်တွင် တောင်တန်းများဖြင့် ဝန်းရံထားရှိပြီး ၄င်းတောင်တန်းများပေါ်တွင် စေတီပုထိုးများကိုလည်း တည်ထားကိုးကွယ်ထားပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၉၃) ဧကရှိပြီး နွေစပါးနှင့် မိုးစပါးများကိုစိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအနီးတဝိုက်တွင် သဘာဝအတိုင်းပေါက်ရောက်နေသည့် ဆေးဖက်ဝင်အပင် အနည်းငယ် တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၁ဝ) ဦး၊ ရပ်မိရပ်ဖအဖွဲ့ (ကျား -၂ဝ ဦး) သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကာလသား/သမီးအဖွဲ့ (ကျား - ၆ ဦး + မ - ၁၅ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ - ၃ ဦး)၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ (မ - ၃ ဦး) တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ပရဟိတအဖွဲ့ (ကျား - ၂၅ ဦး၊ မ - ၄၅ဦး ) သည် ဘာသာရေး၊ သာရေးနာရေး ကိစ္စများကို အားတက်သရော ဆောင်ရွက်ပေးကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ထို့အပြင် ကျေးရွာတွင် Easy နှင့် KEB Hana စသည့် ပြင်ပချေးငွေအဖွဲ့များ ရှိပါသည်။ အခြားသောကဏ္ဍများလည်း တိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကမာပေါင်ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၃) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၆) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၆) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် (၁၀၉) အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် တစ်ချို့လယ်ဧကများသည် ချောင်းရေကို အသုံးပြုကြပြီး ချောင်းရေမှာ တစ်နှစ်ပတ်လုံး မရရှိသည့်အပြင် ချောင်းများမှာကောနေသောကြောင့် ရေလုံလောက်မှု နည်းပါးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၄) စီး၊ လက်တွန်းထွန်စက် (၁) စီး၊ ရေစုပ်စက် (၅) လုံး ရှိပါသည်။ လယ်သမားများမှာ စက်ကိရိယာများကို ငှားရမ်းအသုံးပြုရသောကြောင့် အမြတ်ငွေရရှိမှု နည်းပါးပါသည်။ ထို့အပြင် စိုက်ပျိုးမြေမှာလည်း ရှားပါးပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။ စိုက်ပျိုးရာတွင် စပါးဖျက်ပိုး၊ ပိုးဖလံများနှင့် ခရုများ အနည်းငယ်ရှိသဖြင့် ပျက်စီးဆုံးရှုံးမှုများရှိသောကြောင့် စိုက်ပျိုးရေးနည်းပညာပေး ဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၄) အိမ်ရှိပြီး နွားကောင်ရေ (၄၆) ကောင်၊ အိမ်ထောင်စု (၁၂) အိမ်မှ ဆိတ် (၇၄) ကောင်၊ အိမ်ထောင်စု (၄) အိမ်မှ ဝက် (၆) ကောင်၊ အိမ်ထောင်စု (၅၀) အိမ်မှ ကြက် (၄၂၃) ကောင်၊ အိမ်ထောင်စု (၇) အိမ်မှ ဘဲ (၃၀) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုတစ်စုသာ ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကမာပေါင်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်း များကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ သုံးဘီးယာဉ်မောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်း များ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/ အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက် လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် သွားရောက်လုပ်ကိုင်သူဦးရေ များပြားပြီး ကျေးရွာတွင်းတွင် လုပ်သားအင်အား ရှားပါး ပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချ ရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် လယ်သမား များသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော် လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူ ရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ် ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့် အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့အပြင် Easy နှင့် KEP Hana စသည့် ပုဂ္ဂလိကချေးငွေများမှလည်း ချေးငွေများရရှိပါသည်။ သို့သော်လည်း အတိုးနှုန်းသက်သာ သော ချေးငွေများလည်း လိုအပ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၇၁) စီး၊ မော်တော်ဆိုင်ကယ် (၄၉) စီး၊ သုံးဘီးဆိုင်ကယ် (၉) စီး၊ ထော်လာဂျီ (၁) စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၂) လမ်း၊ ကတ္တရာလမ်း (၁) လမ်းနှင့် မြေသားလမ်း (၅) လမ်းရှိပြီး ကွန်ကရစ်လမ်းများကို ကျေးရွာမှကိုယ်ထူကိုယ်ထ ဖောက်လုပ်ကြပြီး ကျေးရွာမှ လုပ်အားများဖြင့် အားတက်သရော လုပ်ဆောင်ကြခြင်းကြောင့် ကိုယ်ထူကိုယ်ထလမ်း ဖောက်လုပ်ရာတွင် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး သွားလာရ အဆင်ပြေပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ကမာပေါင်ကျေးရွာတွင် ကွန်ကရစ်တံတား (၇) စင်းရှိကာ အချို့တံတားများမှာ လွန်ခဲ့သောနှစ်များစွာက တည်ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းမှု အနည်းငယ်ရှိပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိ တံတားများမှာ ကားကြီးများ၊ တန်ပိုယာဉ်များ ဖြတ်သန်းနေကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအားချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၅၃) စု ရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၃၀) စု ရှိပါသည်။ ထရန်စဖော်မာ တစ်လုံးသာရှိပြီး ရင်းငြိမ်ကျေးရွာမှ အိမ်ထောင်စုများပါ မျှဝေသုံးစွဲနေရသဖြင့် လျှပ်စစ်မီးလုံလောက်မှု မရှိပါ။ ထို့အပြင် လျှပ်စစ်မီးတိုင်အချို့မှာ ပျက်စီးနေပြီး မီးကြိုးများမှာ မြေပြင်နှင့်အကွာအဝေး နီးစပ်နေသဖြင့် လျှပ်စစ်မီးအန္တရာယ်များလည်း ကြုံတွေ့နိုင်သောကြောင့် မီးတိုင်များပြုပြင်ပေးရန် လိုအပ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကမာပေါင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း စသည်တို့မှ ရရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။ ကမာပေါင်ကျေးရွာတွင် သတင်းအချက်အလက် ဖြန့်ဝေခြင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှလည်းတဆင့် သိရှိနိုင်ပါသည်။ သို့သော် သဘာဝဘေးအန္တရာယ်

ဖြစ်ပေါ်လာပါက မည်သို့မည်ပုံဆောင်ရွက်ရမည်ကို သိရှိမှုနည်းပါးသဖြင့် သဘာဝဘေး အန္တရာယ်လျော့ချရေး အစီအစဉ်များ ပို့ချပေးရန် လိုအပ်နေပါသည်။

## ၆။ ပညာရေး

ကျေးရွာပိုင် မူလတန်းကျောင်းတွင် ကျောင်းဆောင်နှစ်ဆောင် ရှိပါသည်။ သို့သော်လည်း ၁၀၀' x ၄၀' ကျောင်းဆောင်မှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်က တည်ဆောက်ခဲ့သောကြောင့် အမိုးများမလုံတော့သဖြင့် အမိုးများပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် ကျောင်းသားဦးရေ များပြားသောကြောင့် ကျောင်းတွင်းပရိဘောဂများနှင့် စာရေးထိုင်ခုံများ လည်း လိုအပ်ပါသည်။ မူလတန်းကျောင်းတွင် ခြံစည်းရိုးမှာ အရှေ့တခြမ်းသာ ကာရံထားပြီး အနောက် (၂၇၀') နှင့် ဘေး(၇၆')၊ (၁၂၆') တို့မှာ ခြံစည်းရိုးကာရံရန် လိုအပ်နေပါသည်။ ကျောင်းတွင်လက်တူးတွင်းနှင့် ရေစင်ရှိသော်လည်း မော်တာစက်မရှိသောကြောင့် ရေအခက်အခဲ ရှိနေပါသည်။ ကျောင်းစာကြည့်တိုက်မှာလည်း စာအုပ်များပြည့်စုံမှု မရှိပါ။ ကမာပေါင်ကျေး ရွာ၏ မူလတန်းကျောင်းတွင် ဆရာဆရာမ လုံလောက်ပြီး ကျောင်းထွက်နှုန်းလည်း မရှိ သဖြင့် ပညာသင်ကြားမှုနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပါ။ သို့သော်လည်း ကျောင်း သား/သူများအတွက် ကစားကွင်းနှင့် အားကစားပစ္စည်းများ မရှိပါ။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၆) ရာခိုင်နှုန်းအထိ များပြားခြင်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၇) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၇.၅) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၆) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများအဖြစ် အသုံးချနိုင်ပါမည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးနှံပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာအနီးတွင် ရင်းငြိမ်ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ရှိပြီး သားဖွား

ဆရာမ တစ်ဦးလည်း ရှိသဖြင့် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများ အလွယ်တကူ ကုသ နိုင်ပါသည်။ အရေးပေါ်လူနာများကို ရင်းငြိမ်တိုက်နယ်ဆေးရုံနှင့် သထုံခရိုင်ပြည်သူ့ ဆေးရုံ ကြီးတို့တွင် ကုသကြပါသည်။ အရေးပေါ်လူနာများအား ကျန်းမာရေးဌာနသို့ အချိန်မီ ပို့ ဆောင်နိုင်ရန်အတွက် လူနာတင်ယာဉ် တစ်စင်းလိုအပ်ပြီး လူနာတင်ယာဉ်ဝယ်ယူရန်အတွက် လည်း ငွေကြေးအခက်အခဲများရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြု ကြပြီး နွေ၊ မိုး၊ ဆောင်းအသုံးပြုနိုင်သဖြင့် သောက်သုံးရေ အခက်အခဲမရှိပါ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့် ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကမာပေါင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်း သွားလာနေထိုင်သည့် အိမ်ထောင်စုများရ ခြင်း ဖြစ်သည်။ ၄င်းတို့သည် အခြားဘေး အန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။ ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုနှင့် နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများနည်းပါးပြီး ၄င်းအိမ်ထောင်စုများသည် ထိခိုက်လွယ်မှု နိမ့်ကြ ပါသည်။

ကမာပေါင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော် လည်း ချောင်းကောများရှိသဖြင့် စိုက်ပျိုးမြေဧက (၅၀) ခန့် ရေများလုံလောက်စွာ မရသော ကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲများ ကြုံတွေ့ရပါသည်။ တီဘီရောဂါလူနာ အနည်း ငယ် ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြ သဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ထို့အပြင် သဘာဝပတ်ဝန်ကျင်းထိန်းသိမ်းရေးတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကမာပေါင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ ထို့အပြင် ကမာပေါင်ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသောကြောင့် အကြမ်းဖက်မှုများ ဖြစ်ပွားလေ့ နည်းပါးပြီး လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများလည်း မရှိကြပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကျောက်တန်း | | | ကျေးရွာအမည် - ကမာပေါင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ် ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | မြေ/ရေ | ချောင်းကောမြောင်းကော (၁၀၀၀—x ၁၀—) အား တူးဖော်ခြင်း။ | |
| ၆ | မွေးမြူရေးနှင့်ငါးလုပ်ငန်း _မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၈ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၉ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၀ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အုတ်ဖြင့်ကျောင်းခြံစည်းရိုးကာရံခြင်း (၄၈၀—x ၆—)။ | |
| ၁၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်ဟောင်း (၁၀၀—x ၃၀—) အမိုးပြုပြင် ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ကျောက်တန်း | | | ကျေးရွာအမည် - ကမာပေါင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ ဖြည့်တင်းခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းရေတွင်းတွင် မော်တာ တပ်ဆင်ခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အားကစားပစ္စည်းများ ဖြည့် တင်းခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | နှစ်ခန်းတွဲ အိမ်သာတစ်လုံး တည်ဆောက်ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ယာ တစ်လုံး တည်ဆောက်ခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၀ | ကျန်းမာရေး | လူနာတင်ယာဉ် | လူနာတင်ယာဉ်တစ်စင်း ဝယ်ယူခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကရင်ပိုင်လမ်း (၈၀၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျောင်းလမ်း (၇၇၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | ပြီးစီး |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွှေဝါလမ်း (၅၀၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျော်သူလမ်း (၂၇၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုလားပိုင် (၁) လမ်း (၅၀၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုလားပိုင် (၂) လမ်း (၅၀၀' x ၁၅' x ၈") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကမာပေါင်–သင်တော ရွာချင်းဆက်လမ်း (၄၀၀၀' x ၁၅' x ၈") ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကမာပေါင်–ကျောက်ရေတွင်း ရွာချင်းဆက်လမ်း (၁၀၀၀' x ၁၅' x ၈") ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | ပြီးစီး |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုန်ထုတ်လမ်းပေါ်တွင် (၂၅' x ၁၂' x ၁၀') တံတား တစ်စင်းတည်ဆောက်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ကျောက်တန်း | | | ကျေးရွာအမည် - ကမာပေါင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၃၀ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | ကျေးရွာတွင်း ကရင်ပိုင် လမ်းဘက်သို့ လျှပ်စစ်မီး တိုင်များအား တိုးချဲ့ စိုက်ထူ ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်အား ပြန်လည်လည်ပတ်နိုင်အောင် စုပေါင်းလုပ်ဆောင်ခြင်း။ | |
| ၃၃ | သယံဇာတနှင့် သဘာဝဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။ | |
| ၃၄ | | | | |
| ၃၅ | | | | |

**နောက်ဆက်တွဲ (၁)**

# ကမာပေါင်ကျေးရွာ၊ ကျောက်တန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ထူး | ဦးရွှေအောင် | ၁၀/ပမန (နိုင်) ၁၄၁၅၉၆ | ၃၇ | နာယက | ၀၉ ၄၄၅၅၁၁၀၅၁ |
| ၂ | ဦးစိန်ဘန်း | ဦးခိုင် | ၁၀/သထန (နိုင်) ၀၆၉၃၁၅ | ၆၆ | နာယက | |
| ၃ | ဦးကျော်ဆွေ | ဦးကြာနူး | ၁၀/သထန (နိုင်) ၀၆၉၃၁၅ | ၆၀ | နာယက | |
| ၄ | ဦးလှရွှေ | ဦးထွန်းစိန် | ၁၀/သထန (နိုင်) ၀၃၇၇၃၄ | ၅၉ | နာယက | |
| ၅ | ဦးသိန်းအောင် | ဦးဖိုးရွှေ | ၁၀/သထန (နိုင်) ၁၃၇၇၂၄ | ၆၇ | နာယက | |
| ၆ | ဦးစိုးစံ | ဦးတင်မောင် | ၁၀/သထန (နိုင်) ၁၀၂၈၈၂ | ၄၁ | ဥက္ကဋ္ဌ | |
| ၇ | ဦးမင်းဇော် | ဦးရွှေလှိုင် | ၁၀/သထန (နိုင်) ၁၈၃၅၈၃ | ၂၈ | ဘဏ္ဍာရေးမှူး | |
| ၈ | ဦးဇော်ထွေး | ဦးရွှေသိန်း | ၁၀/သထန (နိုင်) ၁၁၅၀၃၄ | ၃၆ | အတွင်းရေးမှူး | |
| ၉ | ဦးစိုးမြင့် | ဦးမောင်မြင့် | ၁၀/ပမန (နိုင်) ၀၆၀၂၅၄ | ၆၀ | စာရင်းကိုင် | |
| ၁၀ | ဦးပြုံးချို | ဦးတင်အေး | ၁၀/သထန (နိုင်) ၁၆၅၃၇၇ | ၅၄ | အဖွဲ့ဝင် | |
| ၁၁ | ဦးရွှေလှိုင် | ဦးမြမောင် | ၁၀/သထန (နိုင်) ၁၅၉၆၁၁ | ၅၇ | အဖွဲ့ဝင် | |
| ၁၂ | ဦးအောင်မြင့်ထွန်း | ဦးရွှေအောင် | ၁၀/သထန (နိုင်) ၁၈၃၆၉၄ | ၃၀ | အဖွဲ့ဝင် | |
| ၁၃ | ဦးဇော်ဦး | ဦးမောင်ငြိမ်း | ၁၀/သထန (နိုင်)၁၀၅၅၆၃ | ၄၀ | အဖွဲ့ဝင် | |
| ၁၄ | ဦးကျော်သောင်း | ဦးငဲမုန့် | ၁၀/သထန (နိုင်)၁၆၉၀၂၆ | ၅၂ | အဖွဲ့ဝင် | |
| ၁၅ | ဦး အောင်ဝင်းနိုင် | ဦးထူးသား | ၁၀/သထန (နိုင်)၀၄၆၄၈၅ | ၄၀ | အဖွဲ့ဝင် | |
| ၁၆ | ဦးနီအောင် | ဦးမောင်သန့် | ၁၀/သထန (နိုင်)၁၈၃၇၀၆ | ၃၁ | အဖွဲ့ဝင် | |

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁၇ | ဦးဝင်းဇော် | ဦးဂျပန် | ၁၀/သထန (နိုင်) ၅၄၂၄၄၅ | ၄၈ | အဖွဲ့ဝင် | |
| ၁၈ | ဦးမောင်အေး | ဦးကော်လာ | ၁၀/သထန (နိုင်)၁၂၉၅၃၆ | ၃၈ | အဖွဲ့ဝင် | |
| ၁၉ | ဦးပြည်စိုး | ဦးလပြည့် | ၁၀/သထန (နိုင်)၁၅၆၅၁၁ | ၄၀ | အဖွဲ့ဝင် | |
| ၂၀ | ဦးရွှေဟန် | ဦးရွှေခင် | ၁၀/သထန (နိုင်)၁၃၇၃၅၃ | ၅၄ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၄ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၇ | ၃၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၅ | ၁၉ | ၆၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၃၅ | ၆၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၅ | ၂၃၅ | ၄၇၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၀ | ၃၄ |
| **စုစုပေါင်း** | | **၃၄၉** | **၃၃၀** | **၆၇၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၂၅** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကမာပေါင်ကျေးရွာတွင် အိမ်ထောင်စု (၁၂၅) စု၊ လူဦးရေ (၆၇၉) ဦး ရှိပါသည်။ ကမာပေါင်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄၇%)၊ မူလတန်းကျောင်းသားအရွယ် (၉.၄၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၀%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၃၅) ဦး၊ မ (၂၃၅) ဦး စုစုပေါင်း (၄၇၀) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၉)% ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၁၅ | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၅ | ၂ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၅ | ၆ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၅ | ၃ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၅ | ၁၁၄ | ၁၀၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၂၅ | ၁၆၀ | ၁၁၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကမာပေါင်ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် တစ်ပိုင်တနိုင် ဈေးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စု များပြားပါသည်။ ကား၊ ဆိုင်ကယ် ကယ်ရီမောင်းခြင်း၊ ထော်လာဂျီမောင်း၍ ခရီးသယ်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရဲဝန်ထမ်း (၂) ဦး ရှိပါသည်။ လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း စသည့်ဖြင့် အသက်မွေးသူ အနည်းငယ် ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးပြီး အလုပ်အကိုင် အခွင့်အလမ်းများ နည်းသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများပြားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၁) စုရှိပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစဓား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှု အပေါ်တွင် မူတည်

ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၃ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၉၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကမာပေါင်ကျေးရွာတွင် လယ် (၉၃) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာတို့မှ အလွယ်တကူ ဝယ်ယူရရှိအသုံးချနိုင်ပါသည်။ ကမာပေါင်ကျေးရွာ၏ အနောက်ဘက်တွင် တောင်ရှိသဖြင့် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကအထက် | ၅ ဧကအောက် | မရှိ | မရှိ |
| အိမ်အခြေအနေ | သွပ်မိုး တိုက်အိမ် အုတ်ညှပ်၊သစ် ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး အုတ်ညှပ်၊သစ် ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ သစ်ဖြတ် စက် ဆိုင်ကယ်၊ ထော်လာဂျီ၊လက် တွန်းထွန်စက် | ဆိုင်ကယ်၊ ရေစုတ်စက် နွား | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် ဈေးရောင်း ထင်းရောင်း | လယ် ကျပန်း ဈေးဆိုင် | ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၁၃** | **၂၇** | **၂၀** | **၆၅** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကမာပေါင်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ် စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ______<br>အစားလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ______<br>အစားလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ______<br>အစားလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.......................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကမာပေါင်ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် သက်ကြီးရွယ်အို (၂) ဦး ရှိပါသည်။ သို့သော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာပေါင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း ချောင်းကောများရှိသဖြင့်စိုက်ပျိုး မြေဧက (၅၀) ခန့် ရေများလုံလောက်စွာ မရသောကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲများ ကြုံတွေ့ရပါသည်။ တီဘီရောဂါလူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကမာပေါင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ် ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင် ပါသည်။ ရွှေ့ပြောင်းလုပ်သား များမှာ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း ဖြစ်ပါသည်။ ၄င်းတို့ သည် အခြားဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။ ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုနှင့် နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများနည်း ပါးပြီး ၄င်းအိမ်ထောင်စုများသည် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကို သာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၁၀ | – | ၁၀ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၂၀ | – | ၂၀ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကာလသား | ၁☐ ၂✓ ၃☐ | ၆ | - | ၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကာလသမီး | ၁☐ ၂✓ ၃☐ | - | ၁၅ | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
